# <u>အသိပေးကြေညာချက်</u>

စင်္ကာပူနိုင်ငံရှိ Health Sciences Authority (HSA) ၏ဈေးကွက်ထောက်လှမ်းခြင်းနှင့် နမူနာကောက်ယူ စစ်ဆေးခြင်းလုပ်ငန်းစဉ်တွင် Health Supplements (၄) မျိုးကိုစစ်ဆေးရာ အနောက်တိုင်းဆေးဝါးများရောနှောပါဝင်နေသည်ကိုတွေ့ရှိရကြောင်းထုတ်ပြန် ကြေညာထားပါသည်။ ၎င်း Health Supplements များမှာ Nutriline Thinsline Sachet, Nutriline Cleansline Sachet, Wholly Fitz “Passion Lemon Tea” with Guarana Powder and Hoodia Gordonii Extract Sachet နှင့် Kimiso Dark Chocolate တို့ဖြစ်သည်။

Nutriline Thinsline Sachet တွင် **Sibutramine** ပါဝင်နေခြင်း၊ Nutriline Cleansline Sachet တွင် **Sennosides** ပါဝင်နေခြင်း၊ Wholly Fitz “Passion Lemon Tea” with Guarana Powder and Hoodia Gordonii Extract Sachet တွင် **Sibutramine** ပါဝင်နေခြင်းနှင့် Kimiso Dark Chocolate တွင် **Sibutramine** နှင့် **Diphenhydramine** ပါဝင်နေကြောင်း ဖော်ပြထားပါသည်။

**Sibutramine** ဆေးဝါးကို USFDA နှင့် စင်္ကာပူနိုင်ငံတို့မှ ၂၀၁၀ ခုနှစ်ကတည်းက ဈေးကွက်အတွင်းမှ ရုတ်သိမ်းထားကြောင်းသိရှိရပါသည်။ မြန်မာနိုင်ငံတွင်လည်း မှတ်ပုံတင်ခြင်းကို ငြင်းပယ်ထားပြီးဖြစ်ပါသည်။ **Sibutramine** ၏ဘေးထွက်ဆိုးကျိုးများမှာ နှလုံးနှင့်ပတ်သက်သည့်ရောဂါများ (heart attacks and stroke)၊ ရင်တုန်ခြင်း (palpitation)၊ စိတ်ရောဂါများ စသည်တို့ကိုဖြစ်စေနိုင်ပါသည်။

**Sennosides** ဆေးဝါးကို ဝမ်းချုပ်သည့်လူနာများတွင် ဝမ်းပျော့ဆေးအနေဖြင့် အသုံးပြုသည်။ ၎င်း၏အဓိကဘေးထွက်ဆိုးကျိုးများမှာ ဝမ်းဗိုက်ရစ်၍နာခြင်း (Abdominal cramps) ဖြစ်ပါသည်။ ကြာရှည်စွာစွဲသောက်ပါက ခန္ဓာကိုယ်အတွင်းရှိ ဆိုဒီယံ၊ ပိုတက်ဆီယံ၊ ကလိုရိုက် စသည့်ဓါတ်များဆုံးရှုံးခြင်း (Electrolytes Problem) ကိုဖြစ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ ၄င်းဆေးဝါးများကို Online တွင် တရားမဝင်ရောင်းချခြင်းများရှိပါက ပြည်သူများ အနေဖြင့် အဆိုပါဆေးဝါးများ၏ဘေးအန္တရာယ်ကို သိရှိရှောင်ရှားနိုင်စေရန်အတွက် အသိပေးကြေညာ အပ်ပါသည်။ အချိန်တိုအတွင်းပိန်သည်ဟု ကြော်ငြာရောင်းချနေသည့် Products များသည် သုံးစွဲသူ၏ ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်နိုင်ပါသည်။ တိကျခိုင်မာမှုမရှိဘဲ ရောင်းချနေသည့် Online source မှ Products များ အထူးသဖြင့်ဆေးများကို ဝယ်ယူရန်မသင့်ပါကြောင်း ထပ်ဆင့်အသိပေးအပ်ပါသည်။




**Nutriline Thinsline Sachet & Nutriline Cleansline Sachet**




**Wholly Fitz "Passion Lemon Tea"**

Web page




**Kimiso Dark Chocolate**

Web page